# မြန်မာနိုင်ငံတော်ဗဟိုဘဏ်
# စာရင်းဌာန

စာအမှတ်၊ မဗဘ/နပတ(စာရင်း) ( ၁၅၄ /၂၀၂၁)
ရက်စွဲ ၊ ၂၀၂၁ ခုနှစ် ၊ ဖေဖော်ဝါရီလ ၈ ရက်

သို့

ဘဏ်များအားလုံး

အကြောင်းအရာ။ **ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးကိစ္စ**

၁။ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဘဏ်လုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ထားပါကြောင်း အကြောင်းကြားအပ်ပါသည်-

(က) Data Connection ရရှိပါက CBM-NET System ကို အသုံးပြု၍ ဘဏ်များအနေဖြင့် ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ပါသည်၊

(ခ) Data Connection ပြတ်တောက်မှုဖြစ်ပေါ်ပါက လုပ်ငန်းဆောင်ရွက်မှုများအဆင်ပြေစေရန် မဖြစ်မနေဆောင်ရွက်ရမည့် ဝန်ဆောင်မှုများအတွက် အောက်ပါအတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်-

(၁) ဘဏ်များသည် ငွေသွင်း/ငွေထုတ်ကိစ္စရပ်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (Fax: 067-418162) သို့ ပေးပို့ရန်ဖြစ်ပြီး၊ ဗဟိုဘဏ်မှ Off-line ဖြင့် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်၊

(၂) ဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ဖွင့်လှစ်ထားသော မိမိတို့၏ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စာရင်းများအကြား ငွေလွှဲခြင်းအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (Fax: 067-418162 ၊ 067-418285) သို့ ပေးပို့လာပါက ဗဟိုဘဏ်မှ Off-line ဖြင့် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်သည်၊

(၃) ဘဏ်တစ်ဘဏ်မှ အခြားဘဏ်တစ်ဘဏ်သို့ ငွေလွှဲခြင်းကိစ္စရပ်ကို ချက်လက်မှတ်အသုံးပြု၍ ဆောင်ရွက်ရန်ဖြစ်ပြီး၊ ငွေလွှဲဆောင်ရွက်ခဲ့သည့် ချက်လက်မှတ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ MCH-BCP

ချက်လက်မှတ်စာရင်းရှင်းလင်းသည့်နည်းအတိုင်း ပြန်လည်တင်ပြဆောင်ရွက်ရန်ဖြစ်ပါသည်၊

(၄) Repo ၊ Secured/ Unsecured Interbank Lending/ Borrowing များအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (Fax: 067-418143 ၊ 067-418163) သို့ ပေးပို့ရန်ဖြစ်ပြီး၊ ဗဟိုဘဏ်က Manual ဖြင့် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်၊ (ပူးတွဲပုံစံ)

(၅) နိုင်ငံခြားငွေများနှင့်စပ်လျဉ်းသည့် Receving/Placing ဆိုင်ရာ Transaction များအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (Fax: 067-418143) သို့ ပေးပို့ရန်ဖြစ်ပါသည်၊

၂။ ဘဏ်များအနေဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

| **စဉ်** | **လုပ်ငန်း** | **ဆက်သွယ်ရန် ဖုန်း၊** | **ဆက်သွယ်ရန် ဖက်စ်** |
|---|---|---|---|
| (က) | ချက်စာရင်းရှင်းလင်းခြင်း၊<br>ငွေသွင်း/ငွေထုတ်၊<br>ငွေလွှဲ | ၀၆၇- ၄၁၈၂၅၁<br>၀၆၇- ၄၁၈၂၃၁<br>၀၆၇- ၄၁၈၅၉၈<br>၀၆၇-၄၁၈၂၈၅ | ၀၆၇- ၄၁၈ ၁၆၂<br>၀၆၇-၄၁၈၂၈၅ |
| (ခ) | Interbank<br>Repo<br>Bond/Bill | ၀၆၇- ၄၁၈၂၄၁<br>၀၆၇- ၄၁၈၅၆၂ | ၀၆၇- ၄၁၈၁၆၃ |
| (ဂ) | နိုင်ငံခြားငွေဆိုင်ရာ ကိစ္စရပ်များ | ၀၆၇- ၄၁၈၂၇၁ | ၀၆၇- ၄၁၈၁၄၃ |

(ပုံ)xxxxxxxxxxxxx

( ခိုင်ရွှေဝါ )

ဒုတိယညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ

## Interbank Repurchase Agreement (Repo)

Full Organization Name ____________________

Date (DD/MM/YYYY) ____________________

*Note: Submission of the report on a daily basis by 17:00*
*Keep in the reporting template all transactions, i.e., do not delete matured transactions*

| Sequence No. (ID) | Purchases / Sales of Asset (at origination) | Counterparty Name | Term | Transaction Date (DD/MM/YYYY) | At Origination | | At Maturity | | Repo Rate (%) | Type of Asset | Asset ID number | Asset Market Value (MMK) | Haircut Ratio (%) | Remarks |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | Purchase Date (DD/MM/YYYY) | Purchase Price (MMK) | Repurcahse Date (DD/MM/YYYY) | Repurchase Price (MMK) | | | | | | |
| | | | | | | | | | | | | | | |